ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ဆွေးနွေးပွဲ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၏ (၃)နှစ်အတွင်း တဂ္ဂသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းအနည်းဆုံး အဆင့်အတန်းသို့ ကျဆင်းသည့်ကိစ္စကို တာဝန်ရှိပြည်နယ်ပညာရေးဌာနမှ လေ့လာသုံးသပ်အဖြေရှာ အရေးယူဆောင်ရွက်ထားမှု ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်၏ (၃)နှစ်အတွင်း တဂ္ဂသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းအနည်းဆုံး အဆင့်အတန်းသို့ ကျဆင်းသည့်ကိစ္စကို တာဝန်ရှိ ပြည်နယ်ပညာရေးဌာနမှ လေ့လာသုံးသပ်အဖြေရှာ အရေးယူဆောင်ရွက်ထားမှု ရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ချင်းပြည်နယ်၏ (၃)နှစ် အတွင်း တဂ္ဂသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းအနည်းဆုံး အဆင့်အတန်းသို့ ကျဆင်းသည့် ကိစ္စကို တာဝန်ရှိပညာရေးဌာနမှ လေ့လာသုံးသပ်အဖြေရှာ အရေးယူ ဆောင်ရွက်ထားမှု ရှိ/မရှိကို သိရှိလိုခြင်းကိစ္စနဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်တစ်ပြည်လုံးရဲ့ (၃)နှစ်တာ ကာလအတွင်း ပြည်နယ်နဲ့တိုင်း အလိုက် တဂ္ဂသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းကို လေ့လာကြည့်တဲ့အခါမှာ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့ ချင်းပြည်နယ်အနေနဲ့ (၁၆.၅၂) ရာခိုင်နှုန်း၊ အဲဒီတော့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်မှာ တစ်တိုင်းပြည်လုံးရဲ့ ပျမ်းမျှ အောင်ချက်က (၃၄)ရာခိုင်နှုန်းလောက် ရှိပါတယ်။ နောက် ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ချင်းပြည်နယ်အနေနဲ့ (၈.၀၇) ရာခိုင်နှုန်း ရှိပြီးတော့ တစ်ပြည်လုံးအတိုင်းအတာအရ အောင်ချက် ပျမ်းမျှဟာ (၃၁)ရာခိုင်နှုန်းလောက် ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်ကို ကြည့်မယ်ဆိုရင် ချင်းပြည်နယ်ဟာ အောင်ချက် (၁၇.၈၅)ရာခိုင်နှုန်း ရှိပြီးတော့ တစ်ပြည်လုံးရဲ့ အောင်ချက် ပျမ်းမျှဟာ (၃၇)ရာခိုင်နှုန်းလောက် ရှိပါတယ်။ အဲဒီတော့ အဲဒီ (၃)နှစ်ကို ကျွန်တော်က ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ အောက်ဆုံးအဆင့် အောင်ချက်အနည်းဆုံး ရှိပြီးတော့ ရခိုင်ပြည်နယ်ဟာ အောင်ချက်အနည်းဆုံး ဒုတိယလိုက်နေပါတယ်။ အဲဒီတော့ (၃)နှစ်လုံးလုံး ချင်းပြည်နယ်မှာ အောင်ချက် ပထမအနည်းဆုံး ရပ်တည်နေတာကို ဝမ်းနည်းစွာနဲ့ တွေ့မြင်ရပြီးတော့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တာဝန်သိသော ပုဂ္ဂိုလ်များနဲ့ ချင်းပြည်နယ် လူထုအနေနဲ့ ရှက်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်နေပါ ကြောင်းကိုလည်း သုံးသပ်နေရပါတယ်။

မွန်ပြည်နယ်အနေနဲ့ (၃)နှစ်လုံးလုံးကို အောင်ချက်အများဆုံး ပြည်နယ် ဖြစ်တဲ့အတွက် ဒီနေရာ ကနေ ကျွန်တော် ဂုဏ်ပြုချီးမွမ်းပါတယ်။ ချင်းပြည်နယ်ကို ဌာနဆိုင်ရာ အပြစ်အနေနဲ့ အရေးယူခံရသော ဝန်ထမ်းများ၊ ရာထူးတိုးရန် ခေတ္တလာရောက်သော နေရာ၊ လစာ (၂) ဆ ရခဲ့သော နေရာဖြစ်တဲ့အတွက် ခေတ္တခဏ အချိန်အတွင်း စေတနာရှိမှု၊ တာဝန်သိမှု၊ တာဝန်ကျေပွန်မှုကို အလေးမထားဘဲ နဲ့ဘယ်အချိန် နှစ်စေ့ပြီးတော့ ပြန်ပြောင်းရမည်ဆိုတဲ့ အချိန်ကိုသာ စောင့်ဆိုင်းနေရသော အရာရှိကြီးများ၊ ဝန်ထမ်းများ

ရှိနေတတ်ပြီး၊ ဒေသခံဝန်ထမ်းများအနေနဲ့လည်း တာဝန်ပေါ့လျော့မှုများစွာ ရှိနေတာကို ကျွန်တော် ကြားသိ နေရပါတယ်။ ဒါကို အပြစ်မဆိုလိုပါ။ ဌာနဆိုင်ရာပိုင်းမှာ ရှိနေတတ်သောအချက် ဖြစ်ပါတယ်။ ပညာရေး ဌာနတစ်ခုတည်းမဟုတ်ပါ။ သို့သော် အခြားဌာနမှာ နှစ်စဥ်သုံးသပ်နိုင်ရန် ပေတံမရှိပါ။ ပညာရေးဌာန တစ်ခုသာ တက္ကသိုလ်ဝင်တန်း အောင်စာရင်းရာခိုင်နှုန်းသည် ပညာရေးဌာန၏ ဝန်ထမ်းများ တိုင်းတာသော ပေတံတစ်ခု ဖြစ်နေပါကြောင်း အသိပေးချင်ပါတယ်။ ကိုယ်တာဝန်ယူရသော ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျောင်းများရဲ့ တိုးတက်မှု ဆုတ်ယုတ်မှုသည် အောင်ချက်အနည်းအများနှင့်သာ သာမန်လူတစ်ဦးအနေဖြင့် သုံးသပ်ရခြင်း ဖြစ်ပါတယ်။ လက်ရှိနိုင်ငံ့အရေးမှာ တာဝန်ထမ်းဆောင် နေကြသော ပညာရေးဝန်ထမ်းအနေနဲ့ ပညာရေးအရည်အသွေး မြင့်မားရေးအတွက် အောက်ပါအချက် များကို သိသင့်သိထိုက်သော အချက်များဖြစ်ပြီးတော့ အားနည်းမှုကိုပြုပြင် အားဖြည့်ပေးသင့်သော အရာများကို ပြုပြင် ဆောင်ရွက် မှသာ တိုးတက်မှု ရနိုင်မည်ဟု ယူဆမိပါတယ်။ ၎င်းအားနည်းနိုင်သော အချက် များအနေနဲ့ (၁) ပြည်နယ်အဆင့်မှ ကြီးကြပ်မှု အားနည်းနေပါသလား။ (၂) မြို့နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ဆရာကြီးများ အားနည်းနေပါသလား။ (၃) အလယ်တန်း၊ မူလတန်း အခြေခံ မကောင်း၍ အားနည်းနေပါသလား။ (၄) ဆရာ/ ဆရာမများ ကိုယ်တိုင် အဆင့်မမီတာလား။ (၅) အဆင့်မမီခဲ့သော် အဘယ်ကြောင့်ပါလဲ။ (၆) အဆင့်မီအောင် အရာရှိပုဂ္ဂိုလ်တို့မှ ဘယ်လိုစီမံထားရ မှာလဲ။ (၇) စာသင်ချိန် နည်းလို့လား။(၈) မြို့ပေါ်နှင့် ကျေးရွာကျောင်းသားများ အောင်ချက် စမ်းသပ် လေ့လာမှု ရှိရဲ့လား။ (၉) မြို့ပေါ်အောင်ချက်အပေါ် ကျူရှင်တက်သော ကျောင်းသားနှင့် မတက်သော ကျောင်းသား လေ့လာစမ်းစစ်မှုရော ရှိရဲ့လားဆိုပြီးတော့ အချက်အများကြီးအပေါ်မှာ တာဝန်ရှိပုဂ္ဂိုလ်များ အနေနဲ့ လေ့လာမှု၊ ပြုပြင်မှု၊ အားထုတ်မှု၊ သုံးသပ်မှု မရှိဘဲနဲ့တော့ တိုးတက်မှုလမ်းကြောင်းက ဝေးနေဆဲ ဖြစ်မည်ဟု ထင်မြင်ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တိုးတက်ရေးအတွက် (Humanresources) ပညာရှင် မွေးထုတ် ရန် အဓိကအချက်ဖြစ်ပြီးတော့ စာမေးပွဲ အောင်ရုံတင် မဟုတ်ဘဲ တတ်မြောက်ရန် လိုအပ်ပါတယ်။ အရည်အချင်း ပြည့်စုံရန် လိုအပ်ပါတယ်။ ယနေ့လို ပုံစံဖြင့် ကျွန်တော်တို့ ချင်းပြည်နယ်သည် ဆက်သွား မည်ဆိုပါက ချင်းပြည်နယ်လူငယ်များ ရှေ့ရေးအတွက် ရင်လေးစရာ ဖြစ်နေပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များ အကြီးဆုံးမှအနိမ့်ဆုံးထိ ချင်းပြည်နယ် ပညာရေးနိမ့်ကျမှုမှာ သမိုင်းတရားခံ မဖြစ်ဖို့ အထူးလိုအပ်မည်ဟု သုံးသပ်နေရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ ချင်းပြည်နယ် လူငယ်များ ပညာရေးလောကမှာ ယနေ့ထက် ပိုမို တိုးတက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ချင်းပြည်နယ်လူထုများ၏ အကျိုးငှာ အောက်ပါမေးခွန်းများကို မေးမြန်းရပါတယ်။

(၁) ချင်းပြည်နယ် ပညာရေးဌာန တာဝန်ယူရသော အကြီးဆုံးမှ အနိမ့်ဆုံး အရာရှိ/ ဝန်ထမ်း များအနေဖြင့် (၃)နှစ်လုံးလုံး တစ်ပြည်လုံး အောင်ချက်ရာခိုင်နှုန်းအနည်းဆုံး ရပ်တည်ခြင်းကို သတိပြုမိ ပါသလား။ (၂) စောစောက တင်ပြခဲ့တဲ့ အားနည်းနိုင်သော အချက်များအပေါ် လေ့လာသုံးသပ်မှု၊ ပြုပြင် ဆောင်ရွက်ထားရှိမှု၊ သက်ဆိုင်ရာ အထက်ကျောင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ညှိနှိုင်းဆောင်ရွက်မှု ဘယ် အတိုင်းအတာထိ ရှိပါသလဲ။ (၃) လေ့လာဆန်းစစ်ချက်တွေအပေါ်မှာ အဖြေကဘာလဲ။ (၄) ဘယ်လို ဆောင်ရွက်သင့်သောအကြံများ ရှိ/ မရှိ။ (၅) ပြည်နယ်ပညာရေးမှူး အနေနှင့် ရောတာဝန်အရှိဆုံး

ပုဂ္ဂိုလ်ဟု ယူဆနိုင်ပါသလားဟူသော မေးမြန်းချက်များကို ချင်းပြည်နယ်လူထုများ ရဲ့ ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မတူပီမြို့နယ် ဆတ်တူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ် ဆတ်တူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က အောက်ပါမေးခွန်းများကိုမေးမြန်းမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် မတူပီမြို့နယ် ဆတ်တူးကျေးရွာသည် မတူပီ အ.ထ.က ကျောင်းနှင့် မိုင် (၃၀)၊ လိုင်လင်းပီ အ.ထ.က ကျောင်းနှင့် မိုင်(၃၀)ခန့် ကွာဝေးတဲ့နေရာ ဖြစ်ပါတယ်။ ကျောင်းသားဦးရေ (၂၀၀)ခန့် ရှိပြီး အလယ်တန်းကျောင်းခွဲ ရရှိသည်မှာ နှစ်(၄၀)ကျော် ကြာပြီဖြစ်တဲ့အတွက် ယင်းအလယ်တန်းကျောင်း (ခွဲ)အား အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က ချင်းပြည်နယ် အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့မေးခွန်းနှင့်ပတ်သက်၍ စတင်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (၄၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (၄၈)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၄၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) (၁၉၀)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း (၂၂၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း

(၆၈၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၁၃၃)ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း (တွဲဖက်) (၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၁၃၇၂) ကျောင်းတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်ကြားရေးဝန်ထမ်းအင်အားမှာ အထက်တန်းပြ (၈၃၆)ဦး၊ အလယ်တန်းပြ(၁၈၄၁)ဦးနှင့် မူလတန်းပြ (၅၁၆၆)ဦး စုစုပေါင်း (၇၈၄၃)ဦးတို့အား ဖြည့်ဆည်းခန့်ထား ပေးနိုင်ခဲ့ပါတယ်။ ချင်းပြည်နယ်တွင် အခြေခံပညာ အထက်တန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ (၁၀၆၉၀)ဦး၊ အခြေခံပညာ အလယ်တန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ(၃၇၆၆၃)ဦး၊ အခြေခံပညာ မူလတန်းအဆင့်သင် ကျောင်းသား /ကျောင်းသူ (၇၈၃၅၂)ဦး၊ ထက်/လယ်/မူ ကျောင်းသားစုစုပေါင်း (၁၂၆၇၀၅)ဦးတို့ကို ပညာသင်ယူ ဆည်းပူးလျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျောင်းသား/ ကျောင်းသူများ အားလုံးကို သင်ကြားသော စာများအား တတ်မြောက်စေလိုသော စိတ်ရင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးကို တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားစေလိုသော စိတ်ရင်းစေတနာမှန်များ ရှိပါတယ်။ သင်ကြားသည်များကိုလည်း အမှန်တကယ် တတ်မြောက်ရန် ဖြစ်ပါတယ်။ ထိုကဲ့သို့ စိတ်ရင်းစေတနာမှန်များ ရှိသည့်အတွက် အမျိုးသားပညာရေးဥပဒေကို တရားဝင်ပြဋ္ဌာန်းပြီး မသင်မနေရ ပညာရေးစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ချင်းပြည်နယ် ပညာရေးမှူးရုံးအနေဖြင့် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ ဘာသာရပ်အလိုက် စစ်ဆေးရေး အဖွဲ့များကို စေလွှတ်၍ သင်ကြားသင်ယူ လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးခြင်း၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၏ ပို့ချချက်များကိုအခါအားလျော်စွာ ထပ်ဆင့် ပို့ချခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် အထက်တန်းပြဆရာ၊ ဆရာမများကို ဘာသာရပ်အလိုက် ကျွမ်းကျင်စွာ သင်ကြားနိုင်ရေးအတွက် ၂၄-၁၀-၂၀၁၅ ရက်နေ့မှ ၂-၁၁-၂၀၁၅ ရက်နေ့အထိ လည်းကောင်း၊ အလယ်တန်းပြဆရာ၊ ဆရာမများကိုလည်း ၂၇-၁၀-၂၀၁၅ ရက်နေ့မှ ၂-၁၁-၂၀၁၅ ရက်နေ့အထိလည်းကောင်း မြို့နယ်အလိုက် မွမ်းမံသင်တန်းများ ပို့ချခဲ့ပါတယ်။ အောင်ချက်မြင့်မားရေး နှင့်ပတ်သက်၍ ချင်းပြည်နယ် တစ်ခုတည်းသာ မဟုတ်ဘဲ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပညာရေးမှူးများက အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲ၍ စီမံချက်များနှင့် စီစဥ်ဆောင်ရွက်လျက်ရှိနေပါတယ်။ ချင်းပြည်နယ်သည် ယခင်ကာလများကတည်းကပင် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဘာသာစကား အခက်အခဲများရှိခြင်းတို့ကို ကြုံတွေ့ရသည့်အတွက် ဖွံ့ဖြိုးမှု အထိုက်အလျောက် နောက်ကျသည့် ဒေသဖြစ်ခဲ့ပါတယ်။

သို့သော် ယခုအစိုးရလက်ထက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာ ကျောင်းပေါင်း (၁၃၇၂) ကျောင်းအထိကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ သင်ကြားရေးဝန်ထမ်းများကိုလည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အချိုးညီမျှအောင်၊ ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းခန့်ထားခြင်း၊ လိုအပ်သော သင်တန်းများကိုလည်း ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ သင်ယူတတ်မြောက်ရန် အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ ဆရာ၊ ကျောင်းသား၊ မိဘ(၃)ဦးတို့သည် တာဝန်ကိုယ်စီရှိနေကြပါတယ်။ ဆရာအသင်အပြ ကောင်းသော်လည်း ကျောင်းသားမှာ စာသင်ယူချင်စိတ်၊ လေ့လာချင်စိတ်မရှိပါက မည်သို့မျှ မအောင်မြင်နိုင်ပါ။ အလားတူ ကျောင်းသားက သင်ကြားလိုစိတ်ပြင်းပြသော်လည်း ဆရာအသင်အပြမကောင်းပါကမအောင်မြင်နိုင်ပါ။ ဆရာနှင့် ကျောင်းသားကောင်းနေသော်လည်း မိဘက တိုက်တွန်းမှု မရှိ၊ ကျောင်းသို့ မပို့ပါကလည်း အချည်းနှီးသာ ဖြစ်ပါတယ်။ ထို့ကြောင့် ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မာရေးနှင့်ပတ်သက်၍ ဆရာ၊ ကျောင်းသား၊

မိဘနည်းတူ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများတို့နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါက အမှန်တကယ် တိုးတက်လာမည်လည်း ဖြစ်ပါတယ်။ ချင်းပြည်နယ် အောင်ချက် နိမ့်နေတာနဲ့ပတ်သက်ပြီးတော့ ပြန်စိစစ်ရင်တော့ ချင်းပြည်နယ်က ကလေးမှာ တက်တာများပါတယ်။ အလားတူ ပခုက္ကူမှာလည်း တက်တာ များပါတယ်။ တတ်နိုင်တဲ့လူက မန္တလေးမှာ တက်တာ များပါတယ်။ အဲဒီတော့ ချင်းပြည်နယ်တစ်ခုတည်းကို မကြည့်ဘဲနဲ့ ကလေး၊ ပခုက္ကူ မန္တလေး ဒီလိုတက်တဲ့ ချင်း တိုင်းရင်းသား၊ တိုင်းရင်းသူ အောင်ချက်ကို ကြည့်မယ်ဆိုရင်တော့ အများကြီး နိမ့်ကျနေတာ မဟုတ်ပါဘူး လို့ ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျံလွင် ရဲ့ မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ချင်းပြည်နယ် မတူပီမြို့နယ်တွင် ဆတ်တူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ရှိပါတယ်။ ဆတ်တူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းအလယ်တန်းဆင့်သင် ကျောင်းသား(၆၀)ဦးသာ ရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း အဖြစ် အဆင့် တိုးမြှင့်ပေးရန်အတွက် လယ်ဆင့်သင် ကျောင်းသား (၂၄၀)ဦးနှင့် အထက်ရှိရမည်ဖြစ်ပါ၍ သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုမရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့် တိုးမြှင့်ပေးနိုင် ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပညာရေး ဒုတိယဝန်ကြီးက ရှင်းပြသွားတာကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ရှင်းပြတဲ့အထဲမှာ ကျွန်တော်တို့ မေးမြန်းထားတဲ့ အချက်တွေက တစ်ခုမှ မပါပါဘူး။ ဒါပေမယ့်လည်း ဒီအချက်တွေဟာ ချင်းပြည်နယ်ရဲ့ အစိုးရအဖွဲ့၊ ချင်းပြည်နယ်ရဲ့ ပညာရေး၊ ပြည်နယ်ပညာရေးအပိုင်းမှာ တာဝန်ရှိတဲ့အတွက် ကျွန်တော်တို့က ဒုတိယဝန်ကြီးအနေနဲ့ သိထိုက်တယ် လို့လည်း ကျွန်တော်တို့က ယူဆလို့ ပြန်ပြီးတော့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ တခြားတိုင်း၊ တခြားပြည်နယ်မှာ သွားရောက် တက်ရောက်တဲ့ ကျွန်တော်တို့ ချင်းပြည်နယ် လူငယ်များဟာ တခြားတိုင်း၊ တခြားပြည်နယ်မှာ သွားတက်လို့ အောင်ချက်များပါတယ်ဆိုတဲ့ဟာက ကျွန်တော်တို့ ချင်းပြည်နယ်နဲ့ ကြည့်လိုက်ရင် အခု ကျွန်တော် တင်ပြနေတဲ့ မေးမြန်းနေတဲ့အရာဟာ ချင်းပြည်နယ်တစ်ခုအတွက် ကျွန်တော်တို့ မေးရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ တခြားတိုင်းနဲ့ ပြည်နယ်မှာ အများကြီး ကျွန်တော်တို့ အောင်ချက်က ကောင်းပါ တယ်။ အဲဒီတော့ ပြောရမယ်ဆိုရင် ကျွန်တော်တို့က မွန်ပြည်နယ်မှာဆို (၄၇)ရာခိုင်နှုန်းထိ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ (၂၀)ရာခိုင်နှုန်းကို လုံးဝမကျော်နိုင်ပါဘူး။ ဒါဟာ တခြား တိုင်းနဲ့ပြည်နယ်နဲ့ပြောတာ မဟုတ်ပါဘူး။ ချင်းပြည်နယ်တစ်ခုတည်းကို အောင်ချက် နည်းပါတယ်လို့ ကျွန်တော်တို့တင်ပြခြင်းဟာ ချင်းပြည်နယ်ကို ဘယ်လိုဘယ်နည်းနဲ့ အောင်ချက်ကောင်းအောင် စီမံချက် ရှိသလား။ ကျွန်တော်တို့ မေးမြန်းထားတဲ့မေးခွန်း (၉)ခုလောက်အပေါ်မှာ ဘယ်လို ကျွန်တော်တို့က ပြည်နယ် ပညာရေးမှူးအနေနဲ့ လေ့လာသုံးသပ်မှု စိစစ်မှုရှိသလားဆိုတဲ့ဟာကို ကျွန်တော် မေးမြန်းတဲ့ အချက်ကို တစ်ခုမှ ပြည်နယ်အနေနဲ့ ဖြေရှင်းပေးတဲ့အချက် မရှိတဲ့အခါကျတော့ ကျွန်တော်တို့

တော်တော်လေး ဝမ်းနည်းပါတယ်။ ဒါ ဒုတိယဝန်ကြီးကို ကျွန်တော် သိအောင်ဆိုပြီးတော့ ထပ်မံပြီးတော့ ပြောရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။　　။ ခုနက အောင်ချက်ကောင်းချင်ရင် ကလေးမှာသွားတက်၊ ပခုက္ကူမှာ သွားတက် ဆိုတာတော့ မဟုတ်ဘူးပေါ့။ သဘောကတော့။ ချင်းပြည်နယ်မှာပဲ တက်ပြီးတော့ ချင်းပြည်နယ်မှာပဲ အောင်ချက်ကောင်းအောင် ခုနကမေးတဲ့အချက်တွေ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အဲဒီတော့ အဲဒီမှာ ပညာရေးရေးမှူးတွေရဲ့ အခန်းကဏ္ဍက အဓိကအရေးကြီးတယ်။ သင်ကြားရေးအပိုင်းက သင်ကြားတာကို လိုက်စစ်ဆေးတဲ့ ပညာရေးမှူးရဲ့ကဏ္ဍပေါ့။ အဲဒီတော့ မြို့နယ်တစ်မြို့နယ်မှာ မြို့နယ်ပညာရေးမှူး၊ ပြီးတော့ ဒုတိယမြို့နယ် ပညာရေးမှူးတွေ၊ မြို့ကြီးရင် ကြီးသလို၊ မြို့ငယ်ရင် ငယ်သလို ခန့်ထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ပညာရေးမှူးတစ်ယောက်ကို မေးကြည့်တယ်၊ ခင်ဗျားတို့ ကျောင်းတွေ ကွင်းဆင်းပြီး စစ်ဆေးရဲ့လား ဆိုတော့ ဟာ ကျွန်တော်တို့ သိပ်မသွားနိုင်ဘူး၊ ရုံးအလုပ်တွေများတယ်လို့ပြောတယ်။ ဒါနဲ့ ဝင်စာ၊ ထွက်စာ ဘယ်နှစ်စောင် ရှိလဲဆိုတော့ မဖြေနိုင်ဘူး။ ရုံးမှာပဲ ထိုင်ချင်တဲ့စိတ်ရှိတယ်။ အဲဒီ လူတွေရဲ့ စိတ်ဓာတ်ကို ပြင်ပြီးတော့မှ ဒီလူတွေကအသေးစိတ် လိုက်ပြီးတော့ စစ်ဆေးရမယ်။ စစ်ဆေးပြီးခုနက ဦးစတီဗင်သာဘိတ် မေးတဲ့အချက်အလက်တွေ ကခေါင်းထဲရှိဖို့ လိုတာပေါ့။ ခုဟာက အဲဒီအချက်တွေ ခေါင်းထဲမရှိဘူး။ အဲဒီတော့ တစ်တိုင်းပြည်လုံးမှာ ဘယ်ပြည်နယ်တွေက အောင်ချက်တွေနည်းနေသလဲ၊ အဲဒီပြည်နယ်တွေကလည်း ဆင်းရဲမှုမှာ ရာခိုင်နှုန်းများတဲ့ ပြည်နယ်တွေဖြစ်နေတော့ ဒီပြည်နယ်တွေတိုးတက်ဖို့ ဆင်းရဲမှု ပပျောက်ရေး အတွက်ကို ဒါအဓိက အချက်ကျတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ အလေးထားဖို့လိုပါတယ်။ တစ်တိုင်းပြည်လုံး အောင်ချက်တွေ ယှဉ်လိုက်မယ်။ (၃)နှစ်ဆက်တိုက်ဖြစ်နေပြီလား၊ (၄)နှစ် ဆက်တိုက် ဖြစ်နေပြီလား။ တကယ်တော့ (၃)နှစ် အထိမဟုတ်ပါဘူး။ (၁)နှစ် ကျသွားတာနဲ့ကို ဘာကြောင့်လဲဆိုတဲ့ အဖြေရှာစိစစ် ဖို့လိုအပ်ပါတယ်။ ဒါတွေဟာ ဆောင်ရွက်ပေးသင့်တဲ့ကိစ္စတွေပဲလို့ ပြောပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　　။ ကျွန်တော်အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပညာရေးမှာလည်း အမျိုးသားပညာရေးဥပဒေ ပေါ်လာတာနည်းတူ အခြေခံပညာဦးစီးဌာနကိုလည်း အခြေခံ(၁)(၂)(၃)လို့ မခွဲဘဲနဲ့ အခြေခံပညာဦးစီးဌာနတစ်ခုတည်း ထားပြီးတော့ ကျွန်တော်တို့ စတင်ဖွဲ့စည်းပုံ ပြင်ပါတယ်။ ပြင်တဲ့အခါမှာလည်း မြို့နယ်ပညာရေးမှူးတွေသည် ရုံးလုပ်ငန်းကို သိပ်ပြီးတော့ မကျွမ်းတဲ့အတွက် ပထမဆုံး ကျွန်တော်တို့ ထောက်ကြံ့မှာ ရုံးလုပ်ငန်းစနစ်တွေ ကျွမ်းကျင်ဖို့ ကျွန်တော်တို့ ပြီးတော့ မွမ်းမံသင်တန်းတွေ မနှစ်က စပြီးတော့ ဆောင်ရွက်ပါတယ်။ ပြီးလို့ရှိရင် စစ်ဆေးရမယ့်အချက်တွေကိုလည်း ကျွန်တော်တို့ခရိုင်မှာ ဖွဲ့စည်းပုံတိုးလိုက်ပြီးတော့ ခရိုင်ကပဲ ယှဉ်ထုတ် လို့ရတယ်။ မြို့နယ်မှာတော့ မြို့နယ်တစ်ခုတည်းအနေနဲ့ ဘယ်မြို့နယ်နဲ့ ဘယ်မြို့နယ် ယှဉ်လို့ မရဘူး။

ဒါကြောင့် ကျွန်တော်တို့ ခရိုင်မှာဖွဲ့စည်းပုံတိုးပြီးတော့ စိစစ်လျက်ရှိပါတယ်။ ပြီးတော့ အောင်ချက် မြင့်မားရေးနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ဌာနအနေနဲ့ အမြဲတမ်းသုံးသပ်လျက်ရှိပါတယ်။ ဘာ ကြောင့်လည်းဆိုလို့ရှိရင် ပုဂ္ဂလိကကျောင်းတွေက (၉၇)ရာခိုင်နှုန်း အောင်တဲ့အခါမှာ ကျွန်တော်တို့

ကျောင်းတွေရဲ့ အောင်ချက်တွေဟာ (၃၄)၊ (၃၅)၊ (၄၁)၊ အဲဒီလောက်ပဲရှိတဲ့အခါမှာ အကြောင်းရင်းကို လည်းရှာပါတယ်။ အကြောင်းရင်းရှာတဲ့အခါမှာ တော်တဲ့သူ တတ်နိုင်တဲ့သူတွေဟာ တကယ့် ပုဂ္ဂလိက ကျောင်းတွေကိုသွားပြီးတော့ တကယ်လည်း သင်ယူချင်စိတ်ရှိတယ်၊ ကျောင်းသား ကိုယ်၌က သင်ယူချင် စိတ်ရှိပြီး မိဘကလည်းအားပေးတယ်။ ကိုယ်ကလည်း ဖြည့်ဆည်းပေးနိုင်တဲ့အချိန်မှာ အောင်ချက်တွေ တအားကောင်းကြပါတယ်။ ကျွန်တော်တို့ဆီမှာကျ မိဘကလည်းဆင်းရဲတယ်၊ အားပေးတဲ့စိတ်ကလည်း နည်းတယ်။ ကလေးအနေနဲ့လည်း သင်ကြားသင်ယူမှုဟာ စိတ်ပြင်းပြမှု နည်းပါတယ်။ နည်းတော့လည်း အောင်ချက်က တဖြည်းဖြည်းပုဂ္ဂလိကကျောင်းနဲ့ယှဉ်ရင် ကျလာတယ်။ ချင်းပြည်နယ်အနေနဲ့လည်း ပြန်ကြည့်တဲ့အခါမှာ (၃)နှစ်ဆက်တိုက် ကျတယ်။ ဘာဖြစ်လို့တုန်း တကယ်တမ်း တော်တဲ့သူတွေ ကလေးကို ဆင်းသွားပါတယ်။ မိဘကလည်း တတ်နိုင်တာနဲ့ ကလေးကို ဆင်းသွားတယ်၊ ပခုက္ကူကို ဆင်းသွားတယ်၊ တချို့ပိုပြီးတော့ တတ်နိုင်သူတွေက (၉)တန်း၊ (၁၀)တန်းမှာ မန္တလေးကို ဆင်းသွား ကြတယ်။

အဲဒီတော့ (၁၀)တန်းအောင်ချက်အရာမှာ သွားကြည့်တဲ့အခါမှာ ချင်းပြည်နယ်အနေနဲ့ တကယ်အောင်မယ့် လူတွေသည်တကယ့် မိဘကလည်းအားပေးတဲ့လူတွေ အောက်ကို ဆင်းသွားတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ချင်းပြည်နယ်ကိုလည်း ဆရာ/ဆရာမတွေကို မွမ်းမံသင်တန်းတစ်ခါ ပြန်လုပ်ပါတယ်။ ပြန်လုပ်ပြီးလို့ရှိရင် ချင်းပြည်နယ် အောင်ချက်မြင့်မားရေးအတွက် သုံးဦးသုံးဖလှယ် မိဘဆရာအသင်း၊ ပီပီပြင်ပြင် ကျွန်တော်တို့ ပြန်လုပ်ပေးပါ။ ပြီးလို့ရှိရင် ဒီသင်ကြားရေးပိုင်းကလည်း ကူညီပြီးတော့ မိဘကိုဘာလိုတယ်၊ ဘာလိုတယ်ပြောပေးပါ။ ဒီအဆင့်ထိ ကျွန်တော်တို့ဆက်ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ အသေးစိတ်ကိုတော့ ကျွန်တော်ရှင်းမပြတာ ကျွန်တော်တို့က တစ်ပြည်လုံး အနေနဲ့လုပ်နေရတဲ့အတွက် ကိုယ်စားလှယ်ကြီးမေးတာ ချင်းပြည်နယ်မှာ မေးလို့ရှိရင်တော့ ချင်းပညာရေးမှူးအနေနဲ့ အသေးစိတ်၊ အသေးစိတ်ပြော နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တစ်ပြည်လုံး အတိုင်းအတာကို ပြန်ကြည့်တဲ့အခါကျ အားလုံး တစ်ပြည်လုံးမှာတော့ တတ်မြောက်မှု ဖြစ်အောင် ချင်းပြည်နယ် အားနည်းရင် ဘာဖြည့်ပေးရမလဲဆိုတဲ့ဟာကို ကျွန်တော်တို့ ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့မေးခွန်းကိုလည်း ကျွန်တော်တို့ မှတ်သားပြီး လို့ရှိရင် ဒါတွေ ဒါတွေပြန်ပြီးတော့ ဆွဲဖို့ဆိုတာလည်း ညွှန်ကြားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေး ကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးထွန်းမြင့် (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ စစ်ကိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားပါမယ်။ အစီရင်ခံစာ အပြည့်အစုံကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အကျဉ်းချုပ်ကိုပဲ တင်ပြသွားမှာဖြစ်ပါတယ်။

**ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးကာလအတွင်း**
**ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်သူတို့က လွှတ်တော်သို့ အားကိုးကြီးစွာဖြင့် တင်ပြလာသော တိုင်ကြားစာနှင့် အသနား ခံစာများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့ အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို (၈-၈-၂၀၁၁) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူများထံမှ တိုင်ကြားလာတဲ့ တိုင်ကြားစာနှင့် အသနားခံစာများကို ကော်မတီက လက်ခံဆောင်ရွက် ပေးခဲ့ပါသည်။

**ကော်မတီ၏ ရည်ရွယ်ချက်**

၂။ ရည်ရွယ်ချက်(၂)ချက်ရှိပြီးတော့ ၎င်းရည်ရွယ်ချက်(၂)ချက်ကိုလည်း အစီရင်ခံစာမှာ ဖော်ပြ ထားပါတယ်။

၃။ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ကော်မတီကို (၈-၈-၂၀၁၁) နေ့ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ်(၁/၂၀၁၁)ဖြင့် ကော်မတီဝင်(၇)ဦးဖြင့်လည်းကောင်း၊ (ခ) (၂၆-၁-၂၀၁၂)ရက် ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၂/၂၀၁၂)ဖြင့် ကော်မတီဝင် (၁၅)ဦးကို တိုးချဲ့ဖွဲ့စည်း၍လည်း ကောင်း၊ (ဂ) (၁-၉-၂၀၁၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၂)ဖြင့် ကော်မတီဝင်(၁၅)ဦးကို ပြင်ဆင်ဖွဲ့စည်း၍ လည်းကောင်း၊ (ဃ) (၅-၈-၂၀၁၃)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၃၅/၂၀၁၃)ဖြင့် ကော်မတီဝင် (၁၅)ဦးကို ပြင်ဆင် ဖွဲ့စည်း၍လည်းကောင်း၊ (င) (၁၈-၇-၂၀၁၄)ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၄၀/၂၀၁၄)ဖြင့် ကော်မတီဝင်(၉)ဦးကို ပြင်ဆင် ဖွဲ့စည်း၍လည်းကောင်း၊ (စ) (၂၃-၁-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်(၄/၂၀၁၅)ဖြင့် ကော်မတီဝင်(၂)နှစ်ဦး ထပ်မံတိုးချဲ့၍ (၁၁)ဦးဖြင့် လည်းကောင်း အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဖွဲ့စည်းခဲ့သည့် ကော်မတီဝင်စာရင်းများကို အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားပါတယ်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

၄။ လုပ်ငန်းတာဝန် (၅)ချက် ရှိပြီး ၎င်းလုပ်ငန်းတာဝန်များကိုလည်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီမှာ လုပ်ပိုင်ခွင့် (၄)ချက် ရှိပြီး ၎င်းတို့ကို အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားပါတယ်။

**လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ**

၆။ (က) **အစီရင်ခံစာများတင်သွင်းခြင်း**။ အစီရင်ခံစာကို လွှတ်တော်သို့ ယခုအချိန်နဲ့ဆိုလျှင် (၅)နှစ်တာကာလအတွင်း (၅)ကြိမ်တင်သွင်းနိုင်ခဲ့ပါတယ်။

(ခ) **အဆိုတင်သွင်းခြင်း**။ ကော်မတီအနေဖြင့် အဆို(၇)ရပ်ကို တင်သွင်းခဲ့ပြီးတော့ ၎င်းတင်သွင်းခဲ့တဲ့ အဆိုများကိုလည်းပဲ အစီရင်ခံစာမှာ အသေးစိတ် ဖော်ပြထားအပ်ပါတယ်။

(ဂ) **သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခြင်း**။ ၂၁-၂-၂၀၁၃ ရက် နေ့ (၁၄း၀၀)နာရီအချိန်မှာ အမျိုးသားလွှတ်တော် ရေးရာဆောင် (အိုင်-၁၈)မှာ သတင်းမီဒီယာ (၅၁)ဦးဖြင့် ပြုလုပ်ခဲ့ပြီး မီဒီယာများကိုလည်း သိရှိလိုသည်များ မေးမြန်းခဲ့သည်ကို ဖြေကြားပေးခဲ့ပါတယ်။

(ဃ) **ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့နှင့်တွေ့ဆုံခြင်း**။ ကော်မတီသည် (၁၃-၃-၂၀၁၃) ရက်နေ့ (၁၃း၃၀)နာရီ အချိန်မှာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့သို့ ရှင်းလင်းဖြေကြားခဲ့ပြီး ၎င်းအဖွဲ့မှ သိရှိလိုသည်များကို မေးမြန်းခြင်းကိုလည်းပဲ ပြန်လည် ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

(င) **နိုင်ငံခြားဧည့်သည်နှင့် တွေ့ဆုံခြင်း**။ ကော်မတီသည် (၁၄-၃-၂၀၁၃)ရက်နေ့တွင် ရေးရာဆောင်(အိုင်-၂၀)မှာ ဂျာမဏီနိုင်ငံ ဘာလင် အခြေစိုက်က အဲဗားမန်း အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါတယ်။

(စ) **ဝန်ကြီးဌာနများနှင့် တွေ့ဆုံခြင်း**။ ကော်မတီသည် အရအသုံး မှန်းခြေ ငွေစာရင်းများနှင့် စပ်လျဉ်းပြီး စွမ်းအင်ဝန်ကြီးဌာနနှင့်လည်းကောင်း၊ တိုင်ကြားစာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ပြည်နယ်/ မြို့နယ် တရားသူကြီးများနှင့်လည်းကောင်း တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။

(ဆ) **လေ့လာရေးလာရောက်ခြင်း**။ ၂၀၁၄ခုနှစ်၊ မတ်လ(၃)ရက်နှင့် (၄)ရက်နေ့တို့မှာ ကော်မတီ၏လုပ်ငန်းတာဝန်များကို လာရောက်လေ့လာကြတဲ့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်မှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၃)ဦး ပါတဲ့အဖွဲ့ကို လက်ခံတွေ့ဆုံပြီးတော့ ကော်မတီ၏ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

(ဇ) **ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းခြင်း။** ကော်မတီအနေဖြင့် တိုင်ကြားစာပါ အချက်အလက်များကို အစိုးရအဖွဲ့မှ ဖြေကြားနိုင်ရန်အတွက် ကြယ်ပွင့်မပြ မေးခွန်း (၁)ခုကို မေးမြန်းခဲ့ပါတယ်။ ၎င်းကို အစီရင်ခံစာတွင် အသေးစိတ် ရှင်းလင်းပြထားပါတယ်။

(ဈ) **ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်း။** ကော်မတီအနေဖြင့် တိုင်ကြားစာပါ အချက်အလက်များကို အစိုးရအဖွဲ့မှ ဖြေကြားပေးနိုင်ရန်အတွက် ကြယ်ပွင့်ပြ မေးခွန်း(၁၀)ခုကိုလည်း မေးမြန်းခဲ့ပါတယ်။ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း(၁၀)ခုကို အသေးစိတ်ကိုလည်းပဲ အစီရင်ခံစာမှာ ဖော်ပြထားအပ်ပါတယ်။

(ည) **ကွင်းဆင်းလေ့လာခဲ့သည့်ကိစ္စရပ်များ။** ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏လမ်းညွှန်ချက်အရ ကွင်းဆင်းလေ့လာစုံစမ်းခြင်း (၈)ခုကို ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းအသေးစိတ် အစီရင်ခံစာမှာ ဖော်ပြထားအပ်ပါတယ်။

(ဋ) **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။** ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံကို သဝဏ်လွှာ(၃)စောင်ပေးပို့ခဲ့ပါတယ်။ ပေးပို့ခဲ့တဲ့ သဝဏ်လွှာအသေးစိတ်ကိုလည်းပဲ အစီရင်ခံစာတွင် ဖော်ပြထားအပ်ပါတယ်။

(ဌ) **ကော်မတီအစည်းအဝေးများ ကျင်းပခြင်း။** ကော်မတီသည် ၂၀၁၁ ခုနှစ်တွင် (၅၆) ကြိမ်၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ (၅၉)ကြိမ် စုစုပေါင်း (၁၁၅)ကြိမ် ခေါ်ယူကျင်းပနိုင်ခဲ့ပါတယ်။

**တိုင်ကြားစာနှင့်အသနားခံစာများ လက်ခံရရှိမှု၊ ဖြေရှင်းဆောင်ရွက်နိုင်မှုအခြေအနေ**

ကော်မတီသည် (၅)နှစ်တာ ကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ကို အမှုတွဲ (၁၂၇၅)တွဲ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို (၁၇၅)တွဲ ပေးပို့နိုင်ခဲ့ပြီး နှစ်အလိုက် ပေးပို့ခဲ့တဲ့အမှုတွဲ၊ ပြန်ကြားခဲ့သည့်အမှုတွဲ၊ ပြန်ကြားရန်ကျန်သည့် အမှုတွဲအသေးစိတ်တို့ကို အစီရင်ခံစာမှာ အသေးစိတ် ဖော်ပြထားအပ်ပါတယ်။

**စိစစ်သုံးသပ်ချက်**

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် ကော်မတီသို့ရောက်ရှိလာသည့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ တင်ပြစာများ၊ အသနားခံစာများနဲ့ ဖြေရှင်းဆောင်ရွက်ပေးသင့်သော အမှုတွဲများကို ခွဲခြား၍ မူကြမ်းပြုစုပြီး အစည်းအဝေးတွင် သုံးသပ်ကြပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ သဘောထားမှတ်ချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ထံသို့လည်း ပေးပို့သွားပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ထံ ပေးပို့သော အမှုတွဲများမှာ အမျိုးသားလွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့လာသော်လည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ဆက်လက်ကြန့်ကြာနေကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဤကော်မတီအနေဖြင့် ရောက်ရှိလာတဲ့ အမှုတွဲများအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြမှတ်ချက်ရယူပြီးသော အမှုတွဲများကိုသာ ပေးပို့ခဲ့သည့်အတွက် အစိုးရအဖွဲ့အနေနဲ့ ၎င်းတို့၏ လုပ်ဆောင်ချက်ကို ပြန်လည်ပေးပို့သင့်ပါတယ်။ ကော်မတီသို့ ရောက်ရှိ

လာတဲ့အမှုတွဲများအားလုံးသည် ပြီးပြည့်စုံတဲ့အမှုတွဲများ မဟုတ်သည့်အတွက် အပြည့်အဝ သုံးသပ်နိုင်မည် မဟုတ်သော်လည်းဘဲ အောက်ခြေတွင် အဖြစ်အပျက်အားလုံးကို သိရှိဖြေရှင်းပေးနိုင်မည်ဆိုလျှင် ပြည်သူတို့အတွက် အကျိုးရှိမည်ဖြစ်ပါတယ်။ တိုင်ကြားစာအများစုသည် အထက်အပိုဒ် ၁၉ ပါစည်းကမ်းချက်များနှင့်ငြိစွန်းနေပြီး ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာများလည်းပဲ အမြောက် အမြားရောထွေးပါဝင်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးသည့် နောက်အများပြည်သူများ သိရှိနိုင်အောင် အသိပေးတင်ပြနိုင်ခဲ့သဖြင့် ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာများရောက်ရှိမှု လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကုစားမှုထိရောက်ခြင်း အားနည်းသဖြင့် တိုင်ကြားစာများ လျော့နည်းလာကြောင်းသုံးသပ်တွေ့ရှိရပါ တယ်။ နောင် လွှတ်တော် သက်တမ်းများတွင် တိုင်ကြားစာကော်မတီကိုအုပ်ချုပ်ရေး၊ တရားစီရင်ရေး တို့ဘက်မှ အလေးအနက် ပိုမို ထားရှိလာစေရေး ညှိနှိုင်း ဆောင်ရွက်သင့်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များသို့ ပေးပို့ခဲ့သည့် တိုင်ကြားစာများအပေါ် ပြန်ကြားလာမှုသည် ကော်မတီကို အလေးထား ပြန်ကြားလာခြင်းဖြစ်ကြောင်းနှင့် ဆောင်ရွက်ပေးမှု ကောင်းမွန်ကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာကော်မတီသည် ကွင်းဆင်းလေ့လာရန်နှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများတွင် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပိုမို၍ထင်သာမြင်သာရှိသော၊ ထိရောက်သောဆောင်ရွက်မှုများ ပိုမိုအားထုတ် ဆောင်ရွက်သင့်ကြောင်းသုံးသပ်ရရှိပါတယ်။

**အကြံပြုတင်ပြချက်**

ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုင်ကြားစာအမှုတွဲများ ပေးပို့လျက်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း စနစ်တကျ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးသင့်ပါတယ်။ အမှုတွဲမှန် ဟုတ်/ မဟုတ် ကာယကံရှင်ထံ အကြောင်းပြန်ကြားသင့်ပါတယ်။ ကာယကံရှင်ကလည်း ပြန်လည် ဖြေရှင်းခွင့်ရပါက ပြည်သူများမှ ကော်မတီအပေါ် အလေးထားယုံကြည်လာကြမည်ဖြစ်ပါသည်။ ကော်မတီသည်လည်း ဖြေရှင်းဆောင်ရွက်ရကျိုးနပ်မည်ဖြစ်ပါသည်။ အများစုသည် ပြန်ကြားစာမလာသည့်အတွက် ဖြေရှင်းပေးမည့်အဖွဲ့အစည်းအပေါ် အားမလိုအားမရ ဖြစ်နေကြပါတယ်။ ယခုထက်ပို၍ အားကိုးယုံကြည်လာအောင် ဖြေရှင်း ဆောင်ရွက်ပေးသင့်ပါတယ်။

ဥပဒေရေးရာနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို အတွေ့အကြုံရှိပြီး စိတ်ပါဝင်စားမှု ထက်သန်သော ကော်မတီတစ်ရပ် ဖြစ်မြောက်ရေး ဦးတည်ဖွဲ့စည်းသင့်ပါတယ်။ တိုင်ကြားစာ ကော်မတီတွင် ပါရှိသော ကော်မတီဝင်များအား အခြားကော်မတီများတွင် ပူးတွဲတာဝန်ပေးအပ်ခြင်းဖြင့် လုပ်ငန်းအပေါ် ထိရောက်လေးနက်စွာ ဆောင်ရွက်နိုင်မှု အားနည်းသဖြင့် သတိပြုသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု မဟာဗျူဟာလေ့လာရေးနှင့်သုတေသနကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်း ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဗိုလ်မှူးဇဝန (အတွင်းရေးမှူး၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မဟာ ဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီမှ အတွင်းရေးမှူး တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော် သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝန ဖြစ်ပါတယ်။ ကော်မတီရဲ့ကိုယ်စား ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ် ဖော်ဆောင်နိုင်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း၍ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စဉ်ဆက်မပြတ် သယ်ပိုးထမ်းဆောင်နိုင်ရေးနဲ့ နိုင်ငံတကာ လွှတ်တော်များနည်းတူ ပါလီမန်ဆိုင်ရာ လုပ်ငန်း များ၊ ဥပဒေပြုလုပ်ငန်းများ၊ ပြည်သူလူထု ကိုယ်စားပြုရေးနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး (၃)ရပ်အကြားနှင့် အပြန်အလှန်ထိန်းကျောင်းမှု လုပ်ငန်းများအား ဆောင်ရွက် နိုင်ရန်နှင့် နိုင်ငံတကာ လွှတ်တော်ကိုယ်စားလှယ်များနည်းတူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

များ၏ တစ်ဦးချင်း ကိုယ်ပိုင်အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေရန်အတွက် Capacity Building ပြုလုပ်ပေးနိုင်ရန် ကော်မတီကို ဖွဲ့စည်းရန် ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ပြုလုပ်သည့်အနေဖြင့် အပြန်အလှန်ဆွေးနွေးခြင်း Debate များ၊ ဆွေးနွေးဟောပြောပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် ကြားနာပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ် ဆောင်ရွက်သွားရန်နှင့် ပါလီမန်ဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းရခြင်း ဖြစ်ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၃။ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသန ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၇၉ တို့အရ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၃)ဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၊ စုစုပေါင်း ကော်မတီဝင်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ထို့နောက်မှာ အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၁၈)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၄)ဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၆)ဦးနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်(၄)ဦး စုစုပေါင်း ကော်မတီဝင် (၁၀)ဦးတို့ဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များ(၈)ချက်၊ ကော်မတီ လုပ်ပိုင်ခွင့် (၁၀) ချက်နှင့် ကော်မတီရပိုင်ခွင့် (၃)ချက်တို့အား ကိုယ်စားလှယ်များထံသို့ အစီရင်ခံစာအား ဖြန့်ဝေထားပြီး ဖြစ်သည့်အတွက် ဖတ်ကြားခြင်း မပြုတော့ပါကြောင်း တင်ပြအပ်ပါတယ်။

**ဆောင်ရွက်မှုအခြေအနေ**

၄။ ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေရန်အတွက် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ အတွေ့အကြုံ၊ ဗဟုသုတကြွယ်ဝသော ပညာရှင်များ၊ ပြင်ပမှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များအား ဖိတ်ခေါ်၍ အခါအားလျော်စွာ အပြန်အလှန်ဆွေးနွေးခြင်း (Debate) ပွဲများ၊ ဆွေးနွေး ဟောပြောပွဲများ ကို ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှ စတင်၍ ကျင်းပပြုလုပ် နိုင်ခဲ့ပါသည်။

(က) ကော်မတီဝင်သည် (Debate) အခမ်းအနားများမှာ ဆွေးနွေးဟောပြောပွဲများကို ပုံမှန်ကျင်းပနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အစရှိတဲ့ ကိစ္စရပ်များအလိုက် အုပ်စု(၃)စုခွဲ၍ နိုင်ငံနှင့်လူမျိုးအကျိုးရှိစေမည့် အကြောင်းအရာများကို အခြေခံကာ စာတမ်းများ ပြုစုဆောင်ရွက်စေခဲ့ပြီး၊ Debate အခမ်းအနားများကို ကျင်းပပြုလုပ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ခ) ကော်မတီသည် သုတေသနဆိုင်ရာ အချက်အလက် စာတမ်းများအား ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်တောင်းခံခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများအား Internet အသုံးပြု၍ ရှာဖွေလေ့လာခြင်း၊ အပြန်အလှန်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် သင့်လျော်သည့် စာတမ်းအချက် အလက်များကို ရှာဖွေပြုစုခြင်းနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ စာပေ ပညာရှင်များနှင့် ပြင်ပပညာရှင်များမှ ပေးပို့လာသည့် စာတမ်းများအား ကော်မတီဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ဆက်လက်တင်ပြပြီး ဥက္ကဋ္ဌ၏ လမ်းညွှန် ခွင့်ပြုချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းများကို ပြုလုပ်ခြင်းအား စုစုပေါင်း (Debate) (၃၄)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဆွေးနွေးပေးခဲ့သော ပညာရှင်များ အမည်စာရင်းနှင့် ဆွေးနွေးခဲ့ကြသော ခေါင်းစဉ်များအား ကိုယ်စားလှယ်ကြီးများထံသို့ အစီရင်ခံစာများမှာ ဖြန့်ဝေထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆွေးနွေးခဲ့ကြတဲ့ အကြိမ်ရေများကို အကျဉ်းချုပ်ပြီး တင်ပြရမယ်ဆိုရင် သတ္တမပုံမှန် အစည်းအဝေးကာလ အတွင်းမှာ အပြန်အလှန်ဆွေးနွေးခြင်း Debate (၈)ကြိမ်နဲ့ ဟောပြောဆွေးနွေးမှု(၁)ကြိမ်၊ အဋ္ဌမပုံမှန် အစည်းအဝေးမှာတော့(၉)ကြိမ်၊ နဝမပုံမှန် အစည်းအဝေးမှာ(၉)ကြိမ်၊ ဒသမပုံမှန် အစည်းအဝေးမှာတော့ (၅)ကြိမ်၊ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းမှာ (၁)ကြိမ်၊ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်းမှာ (၁)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဆိုပါ အပြန်အလှန်ဆွေးနွေးခြင်း Debate အခမ်းအနားများကို ပြည်သူများ လေ့လာသိရှိနိုင်ရန်အတွက်လည်း မြန်မာ့ရုပ်မြင်သံကြားနှင့် လွှတ်တော်ရုပ်သံလိုင်း Channel တို့မှလည်း ထုတ်လွှင့်ပြသလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၅။ ကော်မတီကို ဖွဲ့စည်းပြီးသည့် အချိန်မှစ၍ အောက်ဖော်ပြပါအတိုင်း ကော်မတီ အစည်းအဝေး (၆)ကြိမ်နဲ့ ဝန်ကြီးဌာန အစည်းအဝေး(၉)ကြိမ်၊ စုစုပေါင်း (၁၅)ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။

**စစ်ဆေးတွေ့ရှိချက်**

၆။ ကော်မတီအနေဖြင့် ကျင်းပပြုလုပ်ခဲ့သော အပြန်အလှန်ဆွေးနွေးခြင်း Debate အခမ်းအနားများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌတို့မှ အခါအားလျော်စွာ တက်ရောက်၍ အဖွင့်အမှာစကားနှင့် နိဂုံးချုပ်စကားများကို ပြောကြားပေးပြီး တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များမှ ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တက်ရောက်သည့် ကိုယ်စားလှယ်များမှ (၁၂၆)ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ် (၂၁)ဦး စုစုပေါင်း (၁၄၇)ဦးမှလည်း တက်ကြွစွာ ဆွေးနွေးနိုင်ခဲ့ကြကြောင်းကိုလည်း တင်ပြအပ်ပါသည်။ ဆွေးနွေးမှုများမှာ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှု(၆၀)ရာခိုင်နှုန်း၊ စီမံခန့်ခွဲရေးအပိုင်းတွင် (၂၀)ရာခိုင်နှုန်း၊ နိုင်ငံတကာရေးရာ နှင့် သုံးသပ်ချက်အပိုင်းတွင် (၂၀)ရာခိုင်နှုန်းနှင့် ပညာရေးပိုင်းဆိုင်ရာတို့တွင် (၁၀)ရာခိုင်နှုန်း စုစုပေါင်း (၁၀၀)ရာခိုင်နှုန်းကိုဆွေးနွေးနိုင်ခဲ့ပါကြောင်းကိုလည်း တွေ့ရှိရပါသည်။

**ကော်မတီ၏ သုံးသပ်အကြံပြုချက်များ**

ကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားအရေးနှင့် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးဆိုင်ရာ စွမ်းရည် ပိုမိုမြင့်မားတိုးတက်စေရေးနှင့် ပြည်သူလူထုသို့ အသိပညာမျှဝေပေးနေသော အဓိကအခန်း ကဏ္ဍဖြစ်သည့် Capacity Building ပြုလုပ်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အခါအားလျော်စွာ ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်သင့်ပါသည်။ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာ့လွှတ်တော်အနေဖြင့် ကမ္ဘာ့နိုင်ငံများအလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရေးအပြင် အမျိုးသား အကျိုးစီးပွား ထိခိုက်လာနိုင်သည့် အကြောင်းအရာအချင်းများကိုလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး အတွက် အဂ္ဂမဟာဗျူဟာကျကျ လေ့လာသုံးသပ်၍ သုတေသနပြု လုပ်သွားရမည့် အဓိကအရေးကြီး သောကော်မတီတစ်ရပ်ဖြစ်ကြောင်းကိုလည်း သုံးသပ်ရရှိပါသည်။ ကော်မတီမှ အပြန်အလှန် ဆွေးနွေးခြင်း Debate အခမ်းအနားများ၊ ဟောပြောဆွေးနွေးပွဲများကို ပုံမှန်ကျင်းပပြုလုပ်သွား နိုင်ရန်အတွက် ပြင်ပမှ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ စာပေပညာရှင်များနှင့် ဥပဒေပညာရှင်များအား ဖိတ်ခေါ်၍ လည်းကောင်း၊ အပြန်အလှန်ဆွေးနွေးခြင်း Debate များ၊ အခမ်းအနားများကို ဟောပြော ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန်အတွက် ပြင်ပမှပေးပို့လာသောစာတမ်းများကို လက်ခံစိစစ်၍ ကော်မတီမှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံတင်ပြပြီး ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုဖြင့် အခါအားလျော်စွာ ကျင်းပပြုလုပ် သွားသင့်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောင်ရွက်ခဲ့မှု မှတ်တမ်း အကျဉ်းချုပ်အား Power Point ဖြင့် တင်ပြပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဒါကျွန်တော်တို့ စတင် ဖွဲ့စည်းခဲ့တဲ့အချိန်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးနဲ့ တပ်မတော်သား ကိုယ်စားလှယ် ပေါင်း(၁၅)ဦးနဲ့ ၂၀၁၃ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ မှတ်တမ်းဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ ၂၀၁၄ ခုနှစ်မှာ ထပ်မံပြီး ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အသစ်ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ထပ်ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ဒီနေ့အထိ ကျွန်တော်တို့ ကော်မတီဖွဲ့စည်းမှုအနေနဲ့တော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၆)ဦးနဲ့ တပ်မတော် သားကိုယ်စားလှယ်(၄)ဦး ပေါင်း(၁၀)ဦးနဲ့ ကော်မတီလုပ်ငန်းများကို ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အပြန်အလှန်ဆွေးနွေးခြင်း Debate အခမ်းအနားများမှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ အဖွင့်အမှာ စကားများ ပြောကြားနေခြင်းဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌမှ ကျွန်တော်တို့အဖွဲ့မှာ လာရောက်ပြောကြား နေခြင်းဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌမှ အဖွင့်အမှာစကားများ ပြောကြားနေခြင်း ဖြစ်ပါတယ်။ ဒါ အတွင်းရေးမှူးမှ အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနားမှာ ဒါအပြန်အလှန် ဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒါ စာတမ်းရှင်များမှ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ တက်ရောက်လာသော ကိုယ်စားလှယ်များမှ အပြန်အလှန်ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒီ လွှတ်တော်ကာလအတွင်းမှာ (၁၄၇) ဦး အထိ ဆွေးနွေးနိုင်ခဲ့ကြောင်းကိုလည်း ကျွန်တော်တို့ မှတ်တမ်းဖြင့် တင်ပြအပ်ပါတယ်။ သုတေသန ကော်မတီ၏ လုပ်ငန်းအစည်းအဝေးပွဲများ ကျင်းပခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဒါ အစည်းအဝေးများ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး နိဂုံးပိုင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို ခံယူပြီး ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော် ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားအကျိုးစီးပွားအတွက် ဒီမိုကရေစီ သဘောတရားနှင့် နိုင်ငံရေးအသိပညာ၊ ဗဟုသုတဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ကော်မတီမှ အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ် ရှာဖွေလေ့လာခြင်းအားဖြင့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ကူညီဖော်ဆောင်ပေးနေသည့် ကော်မတီတစ်ရပ်ဖြစ်ပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များအားလည်း ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းနေသည့် ကော်မတီတစ်ရပ် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အပြန်အလှန်ဆွေးနွေးခြင်း ( Debate ) အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားပုံ (စ)



အပြန်အလှန်ဆွေးနွေးခြင်း ( Debate ) အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌမှ အဖွင့်ဆွေးနွေးပြောကြားပုံ (စ-၁)




အပြန်အလှန်ဆွေးနွေးခြင်း ( Debate ) အခမ်းအနားတွင် စာတမ်းရှင်မှ ဆွေးနွေးပြောကြားပုံ (စ-၂)




**အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၀း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]